**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အခွန်အယူခံခုံအဖွဲ့**

**ညွှန်ကြားချက်အမှတ် (၁ /၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန် လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

အကြောင်းအရာ။ **ဗီဒီယိုဆက်သွယ်မှု (Video Conferencing) ဖြင့် အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှုများ ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

ရည် ညွှန်း ချက်။ အခွန်အယူခံခုံအဖွဲ့၏ (၄-၁၁-၂၀၂၀)ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၄/၂၀၂၀)

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းထားသော အယူခံမှု၊ ပြန်လည်သုံးသပ်မှုများနှင့် သက်ဆိုင်သည့် အထောက်အထားများ၊ အမှုတွဲများ၊ လိုအပ်ချက်များ ပြည့်စုံ၍ လက်ခံဖွင့်လှစ်ပြီးဖြစ်နေသော အမှုများအား COVID-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့်ကာလအတွင်း အယူခံလျှောက်ထားသူများ အခက်အခဲ မဖြစ်စေရေးနှင့် နိုင်ငံသားနှင့် အခွန်ထမ်းတို့၏ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့် မဆုံးရှုံးစေရန် ရည်ရွယ်လျက် ဗီဒီယိုဆက်သွယ်မှု (Video Conferencing) ဖြင့် ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်နိုင်ရန်အတွက် စည်းကမ်းချက်များကို ရည်ညွှန်းပါ ညွှန်ကြားချက်ဖြင့် ထုတ်ပြန် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ညွှန်ကြားချက်အမှတ် ၄/၂၀၂၀ ၏ အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) တွင် အမှုကြားနာစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ **"ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးရာတွင် Microsoft Team Software ကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်ရမည်"** ဖြစ်ကြောင်း သတ်မှတ်ညွှန်ကြားခဲ့ပါသည်။

၃။ သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော အင်တာနက် အသုံးပြုနိုင်မှု အခြေအနေအရ Video Conferencing Cloud Meeting Service အဖြစ် အသုံးပြုနိုင်သည့် Microsoft Team Application ကို အသုံးပြုရန် အကန့်အသတ်များရှိလာခြင်းကြောင့်လည်းကောင်း၊ အမျိုးမျိုးသော Video Conferencing

Application များအနက် သင့်လျော်ရာ နည်းပညာကို အသုံးပြု၍ ဗီဒီယိုဆက်သွယ်မှုဖြင့် အယူခံမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ခြင်းကို COVID-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့်ကာလအတွင်း ဆက်လက်အသုံးပြုနိုင်ရန်လည်းကောင်း အဆိုပါ အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ) ပါ Microsoft Team Software ကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှုများအတွက် COVID-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့်ကာလအတွင်း ဗီဒီယိုဆက်သွယ်မှုဖြင့် အယူခံမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ Video Conferencing Cloud Meeting Service အဖြစ် အသုံးပြုနိုင်သည့် Video Conferencing Application အမျိုးမျိုးအနက် သင့်လျော်ရာ Application ကို အသုံးပြုနိုင်စေရန်အတွက် အခွန်အယူခံခုံအဖွဲ့၏ ၄-၁၁-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၄/၂၀၂၀)၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) အား အောက်ပါအတိုင်း အစားထိုးပြင်ဆင် သတ်မှတ်လိုက်သည်-

> **"(ခ) ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးရာတွင် Video Conferencing Cloud Meeting Service အဖြစ် အသုံးပြုနိုင်သည့် Video Conferencing Application များ ဖြစ်သော Microsoft Team Application (သို့မဟုတ်) Zoom Meeting Application (သို့မဟုတ်) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်က အသုံးပြုသည့် အလားတူ သင့်လျော်ရာ Video Conferencing Application တစ်ခုခုကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်ရမည်။ နည်းပညာပိုင်းအရ လိုအပ်သည့် အထောက်အကူများကို ကြိုတင်စီမံထားရှိရမည်။"**

၅။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

(ပုံ) မြင့်ဦး

ဥက္ကဋ္ဌ

စာအမှတ်၊ အခယ(ဖွဲ့)/၆/၀၃ ( ၁၉၁/၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်